# Ethnic Armed Organizations' Summit
# Statement
### Law Khee Lar, Karen State

The Summit of the Ethnic Armed Organizations' top leaders was held successfully at the KNU Headquarters' Law Khee Lar Camp in Pa-an District, Karen State, for eight days, from June 2 to 9, 2015. The summit was attended by 108 representatives and observers from 17 Ethnic Armed Organizations, 11 members of the Nationwide Ceasefire Coordination Team (NCCT), 5 members of the NCCT technical assistance team, and specially invited personages, a total of 190 persons including office staff members.

Attending in honor of the summit were the Special Adviser on Burma to the UN Secretary-General, Mr. Vijay Nambiar, and his assistant; the Special Envoy on Asian Affairs of the People's Republic of China, Mr. Sun Guoxiang and team members; and Mr. Yuji Mori of the Nippon Foundation of Japan.

At the summit, the NCCT, formed and mandated at the First Laiza Conference held in November 2013, together with submitting the report on its activities performed in over one and a half years' period and clarifying the preliminary outcome, the approved Nationwide Ceasefire Agreement (NCA) draft, offered advice on agendas the summit conference should continue to carry out in the future.

The top leaders attending the summit were able to critically review and discuss in depth the NCA (approved draft), which was signed by the UPWC and NCCT on March 31, 2015, and reconfirm it with amendments.

For conclusive negotiation with the government over the necessary points, on the basis of the said draft, the summit conference formed the "EAOs' Nationwide Ceasefire High-Level Delegation" with 15 leaders of the Ethnic Armed Organizations and which is to meet with responsible persons on the government side, as soon as possible to negotiate with them until a final NCA acceptable to both sides is achieved.

In the determining the list of organizations that are to sign the final NCA to be achieved in the negotiation by high-level representatives of the two sides, the summit, in addition to making a reference to the Law Khee Lar "Principle" laid down in January 2014, was able to decide for the inclusion of all organizations, which accept the NCA.

Moreover, the organizations attending the summit, studied the political framework and basic guidelines (proposed draft) formulated by the NCCT for political dialogue and the conference was able to gather their views and suggestions.

The meeting of top leaders was able to put on record and honor the NCCT's endeavor, made in a period of over one and a half years, and make the decision for it to cooperate with the "High-Level Delegation".

We sincerely make the statement that all the Ethnic Armed Resistance Organizations will endeavor consistently for peace, yearned for by the entire people made up of various ethnic nationalities, based on a genuine federal union, having full democracy, national equality and self-determination, since we have the ability to resolve unanimously for proceeding with a process for a just and long lasting peace, and select and give mandate to a "High-Level Delegation for NCA".

June 9, 2015

ETHNIC ARMED ORGANIZATIONS SUMMIT

LAW KHEE LAR KAREN STATE 2? JUNE ?0

# တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ၏ ထိပ်သီးခေါင်းဆောင်များ အစည်းအဝေး

## " ထုတ်ပြန်ကြေညာချက် "

### လော်ခီးလာ ၊ ကရင်ပြည်နယ်

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များအစည်းအဝေးကို ကေအဲန်ယူ ဗဟိုဌာနချုပ်၊ ဘားအံခရိုင်၊ လော်ခီးလာစခန်းတွင် ၂၀၁၅ ခုနှစ်၊ ဇွန်လ (၂) မှ (၉) ရက်နေ့အထိ ရှစ်ရက်တိုင်တိုင် အောင်မြင်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ ၎င်းအစည်းအဝေးကြီးသို့ တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၇) ဖွဲ့၏ ကိုယ်စားလှယ်နှင့်လေ့လာသူ (၁၀၈) ဦး၊ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့ဝင် (၁၁) ဦး၊ NCCT နည်းပညာ အထောက်အကူပြုအဖွဲ့ဝင် (၅) ဦး၊ အထူးဖိတ်ကြားထားသူများနှင့် ရုံးအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၁၄၀) ဦး တက်ရောက်ခဲ့ပါသည်။

အထူးသဖြင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေး Mr. Vijay Nambiar နှင့် ၎င်း၏ လက်ထောက် ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အာရှရေးရာ အထူးကိုယ်စားလှယ် Mr. Sun Guoxiang နှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံ Nippon Foundation မှ Mr. Yuji Mori တို့ ဂုဏ်ပြုတက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးကြီးတွင် ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၌ ကျင်းပခဲ့သည့် ပထမအကြိမ် လိုင်ဇာညီ လာခံကြီး က ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သော "တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT)" က တစ်နှစ်ခွဲကျော်ကာလတွင် လုပ်ဆောင်ခဲ့သည်များကို တင်ပြအစီရင်ခံခြင်း၊ ပဏာမရလဒ်တစ်ခုဖြစ် သည့် "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA) အတည်ပြုမူကြမ်း" ကို ရှင်းလင်းတင်ပြခြင်းနှင့်အတူ ထိပ်သီးအစည်းအဝေးကဆက်လက်ဆောင်ရွက်သင့်သောအကြံပြုချက်များကို တပါတည်း တင်သွင်းခဲ့ပါသည်။

၂၀၁၅ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့တွင် UPWC နှင့် NCCT တို့ လက်မှတ်ရေးထိုးခဲ့သော "တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (အတည်ပြုမူကြမ်း)" ကို အစည်းအဝေးသို့ တက်ရောက်လာကြသော ထိပ်သီးခေါင်းဆောင်ကြီးများက အကြေအလည် ဝေဖန်သုံးသပ်ဆွေးနွေးခဲ့ကြပြီး ပြင်ဆင် ဖြည့်စွက်ချက်များနှင့်အတူထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။

အဆိုပါမူကြမ်းကိုအခြေခံ၍ အစိုးရနှင့်အပြီးသတ်ညှိနှိုင်းရန် လိုအပ်သည့်အချက်များကို ထိပ်သီးအစည်းအဝေးကြီးက တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ ခေါင်းဆောင် (၁၅) ဦးဖြင့် ထပ်မံစုဖွဲ့လိုက်သည့် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့" သည် အစိုးရဘက်မှ တာဝန်ရှိသူများနှင့် အမြန်ဆုံးတွေ့ဆုံညှိနှိုင်းပြီး တနိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA အား နှစ်ဖက်သဘောတူညီမှုရရှိသည်အထိ ပြီးမြောက်အောင်ဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

နှစ်ဖက်အဆင့်မြင့်ကိုယ်စားလှယ်များ၏ တွေ့ဆုံဆွေးနွေးပွဲများမှ တဆင့် NCA တွင် ပါဝင်လက်မှတ်ရေးထိုးမည့် အဖွဲ့အစည်းများစာရင်းကို အတည်ပြုရာတွင် ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် ချမှတ်ခဲ့သည့် လော်ခီးလာ "မူ" ကို ကိုးကားသည့်အပြင် NCA ကို လက်ခံသည့် အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရေးကိုလည်း ဆုံးဖြတ်နိုင်ခဲ့သည်။

ထို့အပြင် နိုင်ငံရေးဆွေးနွေးပွဲများအတွက် NCCT မှ ပြုစုရေးဆွဲတင်ပြခဲ့သော နိုင်ငံရေးဆွေးနွေးရေးမူဘောင် အခြေခံလမ်းညွှန်ချက်များ (အဆိုပြုမူကြမ်း) ကို ဤအစည်းအဝေးသို့ တက်ရောက်သည့် အဖွဲ့အစည်းများအနေနှင့် လေ့လာသုံးသပ်ကာ သဘောထားအကြံပြုချက်များကို ရယူနိုင်ခဲ့ပါသည်။

တနိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) အဖွဲ့မှ တစ်နှစ်ခွဲကျော်ကာလအတွင်း ကြိုးပမ်းဆောင်ရွက်မှုများကို ဤထိပ်သီးခေါင်းဆောင်များအစည်းအဝေးမှ မှတ်တမ်းတင်ဂုဏ်ပြုနိုင်ခဲ့ပြီး "အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့" နှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ကိုလည်း ဆုံးဖြတ်နိုင်ခဲ့ပါသည်။

တရားမျှတ၍ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုတညီတညွတ်တည်း ဆက်လက်ချီတက်ကြရန် ဆုံးဖြတ်နိုင်ခြင်းနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ရွေးချယ်တာဝန် ပေးအပ်နိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုတရပ်လုံး၏ ငြိမ်းချမ်းရေးမျှော်လင့်ချက်ဖြစ်သော ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများအပြည့်အဝရှိသည့် စစ်မှန်သော ဖက်ဒရယ်ပြည်ထောင်စုကို တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာအပ်ပါသည်။

၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့